ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

မေ့အသံ

အတွဲ(၂)၊ အမှတ်-၁၈

လစဉ်သတင်းလွှာ

နိုဝင်ဘာ ၆ ရက်၊ ၂၀၂၀

# အမျိုးသမီးများ နိုင်ငံရေးမှာ ဦးဆောင်ပါဝင်ဖို့ ပိုပြီးမျှော်လင့်ချက်ရှိလာပြီလား



**အောက်တိုဘာ ၁၉၊ ၂၀၂၀**

၂၀၁၅ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ် (၆၄၀၀) ကျော်တွင် အမျိုးသမီးကိုယ်စားလှယ်လောင်း (၁၃) ရာခိုင်နှုန်းပါဝင်ခဲ့သည်။ ပြီးခဲ့သည့် လွှတ်တော်သက်တမ်းတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် (၁၀.၅) ရာခိုင်နှုန်းရှိခဲ့သည်။ ယခု ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း (၇၀၀၀) ရှိပြီး အမျိုးသမီးကိုယ်စားလှယ်လောင်း (၁၅.၆) ရာခိုင်နှုန်း ပါဝင်သည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသမီး ကိုယ်စားလှယ်များအတွက် မျှော်လင့်ချက် ပိုရှိနိုင်မလားဆိုသည်ကို သုတေသန လေ့လာတွေ့ရှိချက်များအပေါ် အခြေခံပြီး ဆွေးနွေးခဲ့သည့် "အမျိုးသမီးများ နိုင်ငံရေးတွင် ခေါင်းဆောင်မှု ရပ်ရွာမှသည် နိုင်ငံတော်အဆင့်" (Women's Political Leadership: From Local to National) Webinar ကို အောက်တိုဘာလ (၁၆) ရက်နေ့က ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) က ပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သူတို့၏ ဆွေးနွေးချက်အချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

စာမျက်နှာ ၂ သို့



**ဒေါ်ခင်မမမျိုး**

Founder and Executive Director
Myanmar Institute of Peace and Security Studies & Myanmar Institute of Gender Studies

## အမျိုးသမီးနဲ့နိုင်ငံရေးလို့ပြောလိုက်ရင် အရေးကြီးတဲ့ ဘဏ္ဍာရေးနဲ့ပတ်သက်တဲ့ အခန်းကဏ္ဍ

Gender budgeting ဆိုပြီး ပြောလိုက်ရင် အမျိုးသမီးအတွက်ဘတ်ဂျက်၊ အမျိုးသားအတွက်ဘတ်ဂျက် သီးခြားထားမယ်လို့ ယူဆကြတာမျိုးရှိတယ်။ Gender budgeting ရဲ့ အဓိကရည်ရွယ်ချက်ကတော့ အဲဒီလိုမဟုတ်ပါဘူး။ အဓိကက တိုင်းပြည်အတွက် အကောင်အထည်ဖော်နေတဲ့ ပြည်သူ့မူဝါဒနဲ့ပတ်သက်ပြီး မူဝါဒရေးရာတွေ အကောင်အထည်ဖော်တဲ့အခါ ချမှတ်တဲ့ဘတ်ဂျက်ပိုင်းတွေမှာ budget mainstreaming လုပ်သွားဖို့၊ မူဝါဒတွေ ပြောင်းလဲဖို့၊ အစိုးရရဲ့တာဝန်ခံမှုတွေ ပိုမြင့်တက်လာဖို့ဆိုတဲ့ အခြေအနေတွေအတွက် gender budgeting ဆိုတဲ့ကိစ္စရပ်ကို လုပ်ကြပါတယ်။

## Gender budgeting သုတေသနတွေ့ရှိချက်တချို့

လူ့အဖွဲ့အစည်းထဲမှာ ကျား-မရေးရာ ဆက်နွယ်ပတ်သက်မှုကိစ္စရပ်တွေ အထူးသဖြင့် cultural norms, social norms တွေ တကယ့်လက်တွေ့ ပေါ်လစီ အကောင်အထည်ဖော်တဲ့အခါ သက်ရောက်မှုရှိတဲ့ အနေအထားလေးတွေ တွေ့ရပါတယ်။ အမျိုးသမီးတွေဟာ public life ပါဝင်မှုမှာ အခက်အခဲအများကြီးရှိပါတယ်။ အမျိုးသမီးတွေကို အိမ်ထဲမှာပဲ private life မှာ ပိုထားချင်ကြတဲ့သူ အများကြီးရှိနေတယ်။ အမျိုးသမီးဦးဆောင်မှုဆိုလည်း ရွာတွေသွားရင် အင်တာဗျူးတဲ့အခါ အမျိုးသမီးအုပ်ချုပ်ရေးမှူး အနည်းငယ်ပဲတွေ့ရတယ်။ အမျိုးသားတွေလာတာ များတယ်။ တချို့က အမျိုးသားတွေက အမျိုးသမီးတွေကို ခွဲခြားဆက်ဆံတယ်လို့ပြောကြတယ်။ ဒါပေမယ့် တစ်ခါတလေတွေ့ရတာက အမျိုးသားတွေက အမျိုးသမီးကို ခွဲခြားတာမဟုတ်ဘဲ အမျိုးသမီးတွေရဲ့ဘဝတွေကို အမျိုးသမီးအချင်းချင်းက ပြန်လည်ပြီးပိတ်ဆို့နေတဲ့ အခန်းကဏ္ဍတွေ တွေ့ရတယ်။ အိမ်ထောင်ဖက်အမျိုးသားက အမျိုးသမီးရဲ့ နိုင်ငံရေးပါဝင်မှု၊ စီးပွားရေးပါဝင်မှုစသဖြင့် လက်ခံပေမယ့် အိမ်ထောင်ဖက်အမျိုးသားအမေက လက်မခံတာမျိုး တွေ့ရတယ်။ တစ်ခါတလေကျတော့ အမေဖြစ်သူက သမီးဖြစ်သူရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပါဝင်ပတ်သက်မှုကို ကန့်သတ်ထားတာတွေ တွေ့ရတယ်။ ထူးခြားချက်က အမျိုးသားတွေက ကာကွယ်ရေးနဲ့ လုံခြုံရေးဘတ်ဂျက်ကို အမျိုးသမီးထက်ပိုပြီး စိတ်ဝင်စားမှာပဲ ယူဆထားပေမယ့် တကယ်စစ်တမ်းကောက်လိုက်တော့ ကာကွယ်ရေးနဲ့လုံခြုံရေးဘတ်ဂျက်များဖို့ လိုလားတယ်ဆိုတာကို အမျိုးသမီးတွေက ပိုပြီးပြောတာတွေ့ရတယ်။ အဖြေရှာကြည့်တော့ အမျိုးသမီးတွေက မလုံခြုံမှုကို ပိုခံစားရတာဖြစ်တဲ့အတွက် စစ်တိုက်ဖို့ကို ဘတ်ဂျက်တိုးစေချင်တာမျိုးထက် သူတို့ကို ကာကွယ်စောင့်ရှောက်တဲ့ public security အတွက် ဆောင်ရွက်တဲ့အပိုင်းကို ပိုပြီးဘတ်ဂျက်သုံးစေချင်တဲ့အနေအထားမျိုးတွေ တွေ့ရတယ်။ စာတမ်းထွက်လာရင်တော့ အသေးစိတ်သေချာအကြံပြုနိုင်မှာပါ။

စာမျက်နှာ ၃ သို့



ဤသတင်းလွှာကို ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများ အဖြေရှာရန်အတွက် အဖွဲ့အစည်းများနှင့် သုတေသီများအတွက် ငွေကြေးထောက်ပံ့ပေးနေသည့် ကနေဒါအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC)နှင့် Global Affairs Canada တို့မှ ထောက်ပံ့ပေးခြင်းဖြစ်သည်။ ယခုသတင်းစာတွင် ပါဝင်သော အကြောင်းအရာများကို မည်သည့်အဖွဲ့အစည်းမဆို လွတ်လပ်စွာမျှဝေနိုင်သည်။
သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။



**ဦးစိုးမြတ်ထွန်း**

Research Manager
Gender Equality
Network-Coordination Unit

## မြန်မာ့နိုင်ငံရေးနဲ့ ကျား-မရေးရာသုတေသနစစ်တမ်း

၂၀၁၆-၂၀၁၇ အတွင်းမှာ အမျိုးသားနဲ့ အမျိုးသမီးတွေ လွှတ်တော်အမတ်ဖြစ်လာဖို့ ဘယ်လိုအခက်အခဲ၊ လုပ်ငန်းစဉ်တွေ ကျော်ဖြတ်ခဲ့ရတယ်ဆိုတာကို သိရှိနိုင်ဖို့ မြန်မာ့နိုင်ငံရေးနဲ့ ကျား-မ ရေးရာဆိုတဲ့ သုတေသနစစ်တမ်းတစ်ခုကို ထုတ်ထားတာရှိပါတယ်။ ၂၀၁၅ရွေးကောက်ပွဲမှာ ပါဝင်ခဲ့ကြပြီး ရွေးကောက်ခံရသူနဲ့ ရွေးကောက်မခံရသူ စုစုပေါင်း အယောက် (၅၀) ကို တွေ့ဆုံမေးမြန်းမှုပြုလုပ်ထားခဲ့ပါတယ်။ ကချင်၊ ကရင်၊ ရခိုင်၊ ရှမ်း၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနဲ့ နေပြည်တော်တို့မှာ သုတေသနပြုလုပ်ခဲ့ပါတယ်။

လွှတ်တော်ထဲမှာ ပါဝင်ဆုံးဖြတ်ရတဲ့ကိစ္စတွေမှာ အမျိုးသမီးတွေ ဘာလို့နည်းနေရလဲဆိုတော့ အမျိုးသမီးတွေရဲ့အရည်အချင်းနည်းနေလို့မဟုတ်ဘဲ လူမှုပတ်ဝန်းကျင်စံနှုန်းတွေကြောင့် ပါဝင်ခွင့်နည်းနေရခြင်းဖြစ်ပါတယ်။ ဥပမာဆိုရင် ၂၀၁၅ တုန်းက ကိုယ်စားလှယ်တွေကို ဘယ်လိုရွေးခဲ့ကြလဲဆိုတော့ အားလုံးအသိပါပဲ။ ပါတီကိုကြည့်ပြီး ရွေးပါဆိုတော့ အများစုက ကိုယ်စားလှယ်တယောက်ချင်းစီရဲ့ အရည်အချင်းကိုလိုက်ကြည့်ပြီးတော့ ရွေးခဲ့ကြတာမဟုတ်ဘူးပေါ့။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်တွေက ရွေးကောက်ပွဲမတိုင်ခင်မှာ သူတို့အရည်အချင်းကို ပြခွင့်ရတာမဟုတ်ဘဲ ရွေးကောက်ပွဲပြီးတော့ လွှတ်တော်ထဲရောက်မှသာ သူတို့အရည်အချင်းကို ပြခွင့်ရတာဖြစ်တယ်။ ပြီးခဲ့တဲ့သက်တမ်းမှာ ဘယ်လွှတ်တော်အမတ်က မေးခွန်းတွေ အများစုမေးခဲ့လဲ၊ အဆိုပြုချက်တွေ ဘယ်သူက အများဆုံးလုပ်ခဲ့လဲကြည့်လိုက်ရင် အမျိုးသားတွေထက်စာရင် အမျိုးသမီးတွေက ပိုပြီးမေးခွန်းတွေ မေးခဲ့တယ်။ အဆိုပြုချက်တွေ လုပ်ခဲ့တယ်ဆိုတော့ ဒါကိုကြည့်ခြင်းအားဖြင့် အမျိုးသမီးတွေက အမျိုးသားတွေနဲ့ယှဉ်ရင် အရည်အချင်းက မနိမ့်တဲ့အပြင် အထက်မှာတောင် ရှိနိုင်တယ်လို့ ယူဆလို့ရတယ်ပေါ့နော်။ လူမှုစံနှုန်းတွေကြောင့် ဆုံးဖြတ်ချက်ချတဲ့နေရာမှာ ပါဝင်မှုနည်းတာပေါ့နော်။ အဲ့ဒါတွေကိုဖြေလျှော့ဖို့ဆို အချိန်အများကြီးလိုတယ်။ မီဒီယာရဲ့အခန်းကဏ္ဍက အရေးပါသလို ပညာရေးပြုပြင်ပြောင်းလဲမှုကလည်း အရေးပါတယ်။ အဲဒါတွေကလည်း တစ်ဆင့်ချင်းလုပ်နေတယ်။ အတိုင်းအတာတခုထိ ကြာနိုင်တယ်။ စနစ်အရ၊ Gender quotaအရ လူမှုစံနှုန်းတွေလျော့သွားတဲ့အချိန်ထိ ဥပမာ- အစိုးရသက်တမ်းတစ်ခု ဒါမှမဟုတ် နှစ်ခုလောက် သတ်မှတ်ထားမယ်ဆိုရင် ဒီထက်ပိုပြီးမြန်မြန် အမျိုးသမီးတွေ ဒီထဲ ပိုပြီးပါဝင်လာနိုင်မယ်လို့ မြင်ပါတယ်။



**ဒေါ်မေပန်းချီ**

Gender Freelance Consultant

### အမျိုးသမီးများ စီးပွားရေးနှင့်နိုင်ငံရေးစွမ်းဆောင်နိုင်မှုသုတေသန

ကျွန်မတို့ Myanmar Institute for Integrated Development (MIID) က ဒီသုတေသနကိုလုပ်တဲ့အချိန်မှာ ရှမ်းပြည်အရှေ့နဲ့ တောင်ပိုင်းဆိုပြီး နှစ်ခုခွဲလိုက်တယ်။ အဓိကရည်ရွယ်ချက်နှစ်ခုမှာ ပထမတစ်ခုက တိုင်းရင်းသားမျိုးနွယ်စု အမျိုးသမီးတွေအနေနဲ့ စီးပွားရေးနဲ့ နိုင်ငံရေးစွမ်းဆောင်နိုင်ဖို့ ဘယ်လိုလမ်းကြောင်းတွေရှိလဲ။ ဘယ်လိုအခက်အခဲတွေရှိလဲပေါ့။ ကျွန်မတို့ စီးပွားရေးနဲ့တွဲတာက သူတို့စီးပွားရေးပြေလည်မှ ဒီနိုင်ငံရေး၊ အုပ်ချုပ်ရေးပိုင်းကို စဉ်းစားနိုင်မှာမို့ပါ။

## အမျိုးသမီးတွေမှာ စွမ်းဆောင်ရည်ရှိပြီးသားဖြစ်တယ်

သုတေသနအရ တွေ့ရတာက ရှမ်းပြည်အရှေ့ရော ရှမ်းပြည်တောင်ရော ခြုံပြီးပြောမယ်ဆိုရင် ဓလေ့ထုံးတမ်းစဉ်လာတွေက အရမ်းကို နောက်ဆွဲနေတဲ့ဟာဖြစ်တယ်။ အမျိုးသမီးအချင်းချင်း မယုံကြည်တာတွေရှိတယ်။ ဘာလို့လဲဆိုတော့ မျိုးဆက်ပေါင်းများစွာမှာ ယောကျာ်းကပဲ ဦးဆောင်ခဲ့တာလေ။ အရည်အချင်းမရှိတာ မဟုတ်ဘူး။ ရပ်ရွာမှာလည်း ဦးဆောင်ရတယ်၊ အိမ်ထဲမှာလည်း ဦးဆောင်ရတယ်။ တစ်ခုပဲ နာမည်တပ်မခံရတာပေါ့နော်။ နောက်တစ်ခုက အမျိုးသမီးတွေက ငါတို့ဒီအုပ်ချုပ်ရေးယန္တရားမှာ ပါနေရတယ်ဆိုတာကိုမသိဘူး။ အမှန်တကယ်တော့ ရပ်ရွာအဆင့်လို့ပြောရင် ပညာတတ်တဲ့ အမျိုးသမီးရော၊ ပညာမတတ်တဲ့ အမျိုးသမီးရော အများကြီးလိုတယ်လေ။ ဆယ်တန်းအောင်မှဘွဲ့ရမှ ဒီကိစ္စကို ဦးဆောင်နိုင်မှာမဟုတ်ဘူးလေ။ ကျွန်မတို့သုတေသနအရဆိုရင်တော့ အမျိုးသမီးတွေမှာ စွမ်းဆောင်ရည်ရှိပြီးသားဖြစ်တယ်။

နောက်တစ်ခုက အမျိုးသမီးတွေ နိုင်ငံရေးဦးဆောင်မှုကိုမြှင့်တင်နိုင်ဖို့က ကျွန်မကတော့ အရည်အချင်းပေါ့နော်။ အခု အရေအတွက် အများကြီးတက်လာတာမှန်တယ်။ ဒါပေမယ့် ပအိုဝ်းမှာ သုတေသနလုပ်တော့ ကျွန်မတို့ရဲ့ မိတ်ဖက်သုတေသနအဖွဲ့က ဆရာမတစ်ယောက်က အမျိုးသမီးဆိုပြီး အကုန်လုံးက အရေအတွက် ၂၀ ရာခိုင်နှုန်း ၃၀ ရာခိုင်နှုန်း တက်လာရမယ်ပြောကြတယ်။ တကယ့်တကယ် ဆုံးဖြတ်ချက်ချနိုင်မယ့်စွမ်းရည် အရည်အချင်းက လိုပါတယ်တဲ့။ ပြီးတော့ မြန်မာတစ်နိုင်ငံလုံးမှာ အမျိုးသမီးစံထားရတဲ့ အမျိုးသမီးပုဂ္ဂိုလ်က တအားရှားတယ်ပေါ့။ ဒေါ်အောင်ဆန်းစုကြည်တစ်ယောက်ပဲ ရှိတယ်ဆိုတော့ စံထားရတဲ့ပုဂ္ဂိုလ်တွေလည်းများဖို့ အရေးကြီးတယ်။ ရေရှည်အတွက် အမျိုးသမီးတွေ နိုင်ငံရေးနဲ့ ဦးဆောင်နိုင်ဖို့အတွက်ဆိုရင် စီးပွားရေးပြေလည်အားကောင်းဖို့နဲ့ လုံခြုံရေးရေရှည်တည်တံ့ဖို့ကတော့ ပထမဦးစားပေးပေါ့။

စာမျက်နှာ ၄ သို့



ဦးလာရိန်
Program Officer
ပညာအလင်းပွင့်မြန်မာသုတေသန
ဖောင်ဒေးရှင်း (EMReF)

## အမျိုးသမီးများ နိုင်ငံရေးမှာပါဝင်မှုသုတေသန

ကျွန်တော်တို့သုတေသနက (၃) နှစ် ပရောဂျက်ဖြစ်ပြီး International Development Research Centre (IDRC) ရဲ့ ပံ့ပိုးမှုနဲ့လုပ်ခဲ့တာ ဖြစ်ပါတယ်။ phase(1) နဲ့ phase (2) ဆိုပြီး လုပ်ခဲ့တဲ့အပေါ်မှာ working paper (၂) ခု ထွက်ထားပါတယ်။ သုတေသနရဲ့ အခြေခံအကြောင်းအရင်းက အမျိုးသမီးတွေ နိုင်ငံရေးမှာပါဝင်မှုနည်းနေတယ်ဆိုတဲ့အပေါ်မှာ ဘာကြောင့်နည်းနေတယ်၊ နှောင့်နှေးနေတဲ့ ကဏ္ဍတွေက ဘာတွေရှိလဲဆိုတာပေါ် အဓိကအခြေခံပြီး လေ့လာတာပါ။ ပထမအပိုင်းမှာဆိုရင် နိုင်ငံရေးပါတီတွေမှာ ကိုယ်စားလှယ်လောင်းရွေးချယ်မှုအနေအထားတွေ ဘယ်လိုရှိလဲဆိုတာကို အဓိကထားပြီး လေ့လာတာဖြစ်ပါတယ်။ ဒုတိယအပိုင်းကတော့ ရပ်ကျေးအဆင့်ကို သုတေသနလုပ်တာဖြစ်ပါတယ်။ ၂၀၁၈ နိုဝင်ဘာကနေ ၂၀၁၉ မတ်လအတွင်း လုပ်ခဲ့ပါတယ်။ ရပ်ကွက်၊ အုပ်ချုပ်ရေးပိုင်းမှာ အမျိုးသမီးတွေ ဘယ်လောက်ပါဝင်နေလဲ၊ ဆုံးဖြတ်ချက်ချတဲ့နေရာမှာ အမျိုးသမီးပါဝင်မှုဘယ်လိုရှိလဲ၊ ရပ်ရွာလူထုရဲ့အမြင်ကရော ဘယ်လိုရှိလဲဆိုတာကို လေ့လာခဲ့တယ်။ တိုင်းနဲ့ပြည်နယ် (၄)ခုဖြစ်တဲ့ ဧရာဝတီ၊ မန္တလေးတိုင်း၊ ရှမ်းပြည်တောင်ပိုင်း၊ မွန်ပြည်နယ်တို့မှာ ဆာဗေးကောက်ပြီး သုတေသနတွေလုပ်ခဲ့ပါတယ်။

## အမျိုးသမီးတွေ နိုင်ငံရေးထဲဝင်ဖို့ ဘာတွေခက်ခဲနေလဲ

သုတေသနတွေ့ရှိချက်မှာလည်း ရပ်ရွာရဲ့ စံသတ်မှတ်ချက်တွေ cultural norms တွေအများကြီးကြုံတွေ့ရလို့ သူတို့အနေနဲ့ ဒီအခင်းအကျင်းထဲကို မဝင်လာနိုင်သေးဘူးဆိုတဲ့ တွေ့ရှိချက်တွေလည်း တွေ့ခဲ့ပါ တယ်။ အဲ့ဒါ ဘာတွေလဲဆိုရင် ခေါင်းဆောင်လို့ပြောလိုက်ရင် အရေးကြီးတဲ့အခန်းကဏ္ဍလို့ပြောလိုက်ရင် အမျိုးသားရော အမျိုးသမီးရောစဉ်းစားတာက အမျိုးသားပဲ အရင်ဆိုတဲ့ဟာကို ရောက်ရောက်သွားတယ်။ အဲ့ဒါကြီးက အခုချိန်ထိရှိနေတယ်။ နောက်တစ်ခုက အမျိုးသမီးတွေအနေနဲ့ ကိုယ်စားလှယ်လောင်းအရွေးခံမယ်ဆိုရင် ပိုပြီးကြိုးစားရတယ်။ ဒါက အတားအဆီးတစ်ခုအနေနဲ့ရှိနေတယ်။ နောက်တစ်ခုက ငွေကြေးကဏ္ဍပေါ့။ ပုံမှန်အားဖြင့် ကျွန်တော်တို့အသိုင်းအဝိုင်းမှာ အမျိုးသားတွေက ဝင်ငွေရှာတဲ့သူတွေ၊ အမျိုးသမီးတွေက ဝင်ငွေလည်းမရှာဘူး၊ အိမ်မှုကိစ္စပဲ အဓိကလုပ်ကြတော့ ပါတီနိုင်ငံရေးမှာ ပါဝင်ဖို့တောင်မှ သူတို့အနေနဲ့ ငွေကြေးကိစ္စက အတားအဆီးတစ်ခုဖြစ်တယ်ဆိုတာ ကျွန်တော်တို့ သိရှိခဲ့ရတယ်။ နောက်တစ်ခုက နိုင်ငံရေးသမားတစ်ယောက်ဖြစ်ဖို့ သူတို့ရဲ့ စိန်ခေါ်မှုတွေကိုမေးတဲ့အခါ Harassment က အမျိုးသမီးတွေအတွက် အကြီးမားဆုံးဖြစ်တယ်ဆိုတာ တွေ့ရတယ်။

## ရပ်ကျေးအဆင့်မှာ အမျိုးသမီးခေါင်းဆောင်တွေ ထွက်ပေါ်လာဖို့ ဘာတွေခက်ခဲနေလဲ

Phase (2) မှာတော့ ရပ်ကျေးအဆင့် အမျိုးသမီးခေါင်းဆောင်တွေ ပါဝင်မှုနှုန်းကို လေ့လာတဲ့အခါ ရပ်ကွက်အုပ်ချုပ်ရေးမှူးလုပ်ဖို့ဆိုရင် ဘယ်လိုအရည်အချင်းတွေလိုလဲလို့ မေးလိုက်တဲ့အချိန်မှာ အမျိုးသမီးအများစုပြောကြတာက သူတို့အနေနဲ့ ယုံကြည်မှုသိပ်မရှိဘူးဆိုတာ ပြောကြတယ်။ ခေါင်းဆောင်မှုစကေးကို အတွေ့အကြုံမရှိသေးလို့ပါတဲ့။ ဆာဗေးမှာပြန်ကြည့်တဲ့အခါ အမျိုးသားတွေက ခေါင်းဆောင်လုပ်ဖို့ အသင့်တော်ဆုံးဖြစ်တယ်လို့ (၄၀)ရာခိုင်နှုန်းကျော်က ဖြေကြတယ်။ (၉) ရာခိုင်နှုန်းလောက်ပဲ အမျိုးသမီးတွေက ခေါင်းဆောင်ဖြစ်တယ်လို့ ဖြေကြားထားတာကို တွေ့ရတယ်။ ဒီမှာလည်း ရပ်ရွာအသိုင်းအဝိုင်း (community) ရဲ့ လွှမ်းမိုးမှုအများကြီးရှိတယ်။ ရပ်ကျေးအဆင့် အုပ်ချုပ်ရေးနယ်ပယ်ရောက်ဖို့ သူတို့အတွက် တော်တော်ခက်တယ်။ အမျိုးသမီးအုပ်ချုပ်ရေးမှူးလုပ်လိုက်ရင်ညရေးညတာသွားရတာရှိတယ်။အမျိုးသားအချင်းချင်းရန်ဖြစ်နေကြတာမျိုးဆိုရင် အမျိုးသမီးက သွားပြီးဖြေရှင်းရတာ အဆင်မပြေဘူး။ အမျိုးသားက ပိုအဆင်ပြေတယ်လို့ မြင်ကြတာရှိတယ်။

## ၂၀၂၀ ရွေးကောက်ပွဲမှာ အမျိုးသမီးတွေ လွှတ်တော်ထဲမှာပါဝင်လာနိုင်မယ့်အခြေအနေမျိုးရှိတယ်

၂၀၁၅ ရွေးကောက်ပွဲမှာ ကိုယ်စားလှယ်လောင်း ၆၄၀၀ ပါဝင်ယှဉ်ပြိုင်ပြီး အမျိုးသမီးက (၁၃) ရာခိုင်နှုန်းလောက်ပါတယ်။ အခု ၂၀၂၀ မှာ ကိုယ်စားလှယ်လောင်း (၇၀၀၀) လောက် ပါဝင်ယှဉ်ပြိုင်ပြီး အမျိုးသမီးက (၁၆) ရာခိုင်နှုန်းလောက်ရှိတယ်။ အဲဒီမှာ (၃) ရာခိုင်နှုန်းလောက်ပဲတက်တယ်လို့ ပြောလို့ရပေမယ့် တချို့ပါတီအလိုက်ပြန်ကြည့်ရင် တချို့သော တိုင်းရင်းသားပါတီသော်လည်းကောင်း နည်းနည်းတက်လာတာကို တွေ့ရတယ်။ ဒါက အပေါင်းလက္ခဏာဆောင်တယ်လို့ ပြောလို့ရပါတယ်။ ဒီလိုကိုဗစ်ဖြစ်ပွားနေတဲ့ အခြေအနေမှာ အမျိုးသမီးတွေပဲမဟုတ်ဘဲ အမျိုးသားတွေလည်း အခက်အခဲရှိနေကြတာမြင်ရပါတယ်။ ဒါပေမယ့် တစ်ခုရှိတာက အဲဒီလိုခွဲပြီးပြောတာထက် ဒီလိုအခြေအနေမှာ အဆိုးထဲက အကောင်းပုံစံမျိုးနဲ့ မဲဆွယ်စည်းရုံးတာက အခုအားလုံးလည်းမြင်ကြသလို ဆိုရှယ်မီဒီယာကို အများဆုံးသုံးလာကြရတယ်။ ကျွန်တော့်အမြင်ကို တင်ပြရရင်တော့ ရှိနေတဲ့ပလက်ဖောင်းတွေသုံးပြီး ဆက်လုပ်မယ်။ ရပ်ရွာတွေမှာရှိတဲ့ လူငယ်တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပိုပြီးချိတ်ဆက်ပြီးလုပ်ရင် ပိုပြီးနက်ဝေ့ါခ်ချဲ့လာနိုင်မယ်။ နောက်တစ်ခုက ၂၀၂၀ ရွေးကောက်ပွဲမှာ အပြုသဘောဆောင်တာက နိုင်ငံရေးပါတီတွေ ပါတီအလိုက်အနည်းငယ်တိုးတက်မှုရှိတော့ ကျွန်တော့်အနေနဲ့ကတော့ အမျိုးသမီးတွေ လွှတ်တော်ထဲမှာ ပါဝင်လာနိုင်မယ့် အခြေအနေမျိုးရှိတယ်လို့ ပြောချင်ပါတယ်။

# မြန်မာနိုင်ငံ၏ ရပ်ရွာဒေသအဆင့်အုပ်ချုပ်ရေးတွင် နိုင်ငံရေးနှင့် စီမံအုပ်ချုပ်မှုကိစ္စရပ်များတွင် ကျား-မရေးရာ (ဂျဲန်ဒါ) ညီမျှမှု အစီရင်ခံစာနှင့် စုပေါင်းအစီရင်ခံစာ ထုတ်ပြန်


**အောက်တိုဘာ ၁၂၊ ၂၀၂၀**

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) က သုံးနှစ်တာ အချိန်ယူလေ့လာခဲ့သည့် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နိုင်မှု သုတေသန၏ ဒုတိယပိုင်းဖြစ်သည့် "Gender and Local Politics in Myanmar: Women's and Men's Participation in Ward, Village Tract and Village Decision Making" အစီရင်ခံစာနှင့် "Gender and Political Participation in Myanmar" စုပေါင်းအစီရင်ခံစာကို ထုတ်ဝေခဲ့သည်။

ဍင်းသုတေသန ဒုတိယပိုင်းတွင် မြန်မာနိုင်ငံ၏ ရပ်ရွာဒေသအဆင့် အုပ်ချုပ်ရေးတွင် နိုင်ငံရေးနှင့် စီမံအုပ်ချုပ်မှုကိစ္စရပ်များတွင် ကျား-မ ရေးရာ (ဂျဲန်ဒါ) ညီမျှမှု မည်သို့မည်ပုံရှိနေသည်ကို လေ့လာဆန်းစစ်ထားပါသည်။ ပြီးလက ထွက်ရှိခဲ့သည့် အစီရင်ခံစာ တွင် လွှတ်တော်ရေးရာ နိုင်ငံရေးတွင် ကျား-မ ညီမျှမှုနှင့်ပတ်သက်၍ လေ့လာထားပြီး၊ ကျား-မ ရေးရာနှင့် နိုင်ငံရေးသဘောထားအမြင်အတွက် ကောက်ယူထားသော လူထုစစ်တမ်းတစ်ခုကိုလည်း မကြာမီထုတ်ပြန်ဖို့ရှိပါသည်။ ယခု အစီရင်ခံစာတွင် ရပ်ရွာ၊ ကျေးရွာနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးတွင် စိတ်ဝင်စားသူတိုင်း အဓိပ္ပာယ်ပြည့်ပြည့်ဝဝ ပါဝင်နိုင်သည့် အခွင့်အရေး ပိုမိုရရှိစေရန်၊ အထူးသဖြင့် ကျား-မ တန်းတူညီမျှစွာ ပိုမိုပါဝင်နိုင်စေရန် အတွက် အကြံပြုထောက်ခံချက် များ ထည့်သွင်းထားပါသည်။ စုပေါင်း သုတေသနအစီရင်ခံစာတွင် ၁) ကျား-မ တန်းတူညီမျှမှုသည် နိုင်ငံရေး ပါဝင်မှုတွင် ဘာ့ကြောင့်အရေးပါသလဲ၊ ၂) အမျိုးသမီးနှင့် အမျိုးသားများ ၏ နိုင်ငံရေးပါဝင်မှုရေချိန်၊ ၃) အမျိုးသမီးများနှင့် အမျိုးသားများ မြန်မာ့ နိုင်ငံရေးတွင် ပါဝင်နိုင်မည့် အခွင့်အလမ်းများကို ပုံဖော်သည့်အချက်များ၊ ၄) နိုင်ငံရေးပါဝင်မှုတွင် ကျား-မ တန်းတူညီမျှမှုကိုမြှင့်တင်ခြင်း (သို့မဟုတ်) ကန့်သတ်ခြင်းတွင် နိုင်ငံရေးပါတီများနှင့် အခြားသော အစိုးရအဖွဲ့ အစည်းများ၏ အခန်းကဏ္ဍ၊ ၅) ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်း နှင့် ခေါင်းဆောင်တစ်ဦးဖြစ်ခြင်း၏ ကုန်ကျစရိတ်နှင့် အကျိုးကျေးဇူး များ၊ ၆) အခြားအကြံပြုချက်များကို စုစည်းဖော်ပြထားသည်။

ဍင်းသုတေသနသည် ကနေဒါအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသန စင်တာ (IDRC) ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် (၃) နှစ်တာ သုတေသနစီမံကိန်းမှ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ယင်းသုတေသန သည် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အားပေးရန်ဆောင်ရွက် နေသည့် မြန်မာပြည် ဒီမိုကရေစီအတွက် အသိပညာ (K4DM) ဟူသည့် အစီအစဉ်တွင် ပါဝင်သည်။ သုတေသန စာတမ်းအပြည့်အစုံကို EMReF ဝက်ဘ်ဆိုက်ဖြစ်သည့် www.emref.org တွင် အခမဲ့ဒေါင်းလုပ်ဒ်ရယူ နိုင်သည်။

**ရွှေလေး**








ဓာတ်ပုံ-https://en.wikipedia.org/wiki/Michelle_Bachelet#


## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"ကျွန်မအတွက်တော့ ပိုကောင်းတဲ့ ဒီမိုကရေစီဆိုတာ အမျိုးသမီးတွေ မဲပေးခွင့်၊ ရွေးချယ်ခွင့် ရရုံသာမက ရွေးကောက်တင်မြှောက်ခွင့်လည်း ရရမှာဖြစ်တယ်။"

---- Michelle Bachelet (Head of UN Women, Former President and Defense Minister)


# ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အလိုက် ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသားနှင့် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်းရာခိုင်နှုန်းများ

တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်





Source : https://public.tableau.com

တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုး)





Source : https://public.tableau.com

ပြည်သူ့လွှတ်တော်




Source : https://public.tableau.com

အမျိုးသားလွှတ်တော်




Source : https://public.tableau.com